**ကေအဲန်ယူ- ကရင်အမျိုးသားအစည်းအရုံး**

**ဗဟိုဌာနချုပ်**

**ကော်သူးလေ**

www.knuhq.org

## တပ်မတော်မှ အာဏာကို သိမ်းယူပြီးနောက်
## ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး၏ သဘောထားထုတ်ပြန်ချက်

ရက်စွဲ - ဖေဖော်ဝါရီလ (၁၄) ရက်၊ ၂၀၂၁ ခုနှစ်။

၁။ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးသည် (၂၀၂၁)ခုနှစ် ဖေဖော်ဝါရီလ(၁)ရက်နေ့တွင် တပ်မတော်မှ တိုင်းပြည် အာဏာသိမ်းယူခဲ့သည့်နောက် ဖြစ်ပေါ်လာသည့် သက်ရောက်မှုအားလုံးကို စဉ်ဆက်မပြတ် စောင့်ကြည့်နေပါသည်။

၂။ ဤအာဏာသိမ်းယူခြင်းသည် နိုင်ငံရေးပြဿနာအား နိုင်ငံရေးနည်းလမ်းဖြင့် ညှိနှိုင်းဖြေရှင်းသည့် ယဉ်ကျေးမှုကို သေွဖီစေသည့်လုပ်ရပ်ဖြစ်ပြီး ထိုသို့တိုင်းပြည်အာဏာ သိမ်းယူခဲ့ခြင်းသည် အာဏာရှင်စနစ် သက်ဆိုးရှည်စေခြင်းကို ဦးတည်နေသည့်အတွက် ဆန့်ကျင်ပါသည်။

၃။ စစ်အာဏာသိမ်းယူမှုအား တိုင်းရင်းသားပြည်သူလူထုတရပ်လုံး၏ အကြမ်းမဖက်ဘဲ ဆန္ဒထုတ်ဖော် ဆန့်ကျင်မှုများအား KNU မှ ထောက်ခံအားပေးပြီး အကူအညီ အကာအကွယ်ပေးသွားမည်ဖြစ်သည်။ ဆက်လက်၍လည်း အကြမ်းမဖက်ဘဲ ဆန္ဒထုတ်ဖော်နေခြင်းများကို ထိန်းသိမ်းလုပ်ဆောင်ခြင်း၊ အကြမ်းဖက်မှု ဖြစ်ပွားရေး လှုံ့ဆော်မှုများတို့အား ရှောင်ရှားကြခြင်း နှင့် ဘက်ပေါင်းစုံမှ ထိန်းထိန်းသိမ်းသိမ်းလုပ်ဆောင်ကြရန် အားပေးတိုက်တွန်းပါသည်။

၄။ ပြည်သူလူထုမှ ပေါက်ဖွားလာသည့် မြန်မာ့ရဲတပ်ဖွဲ့၊ မြန်မာတပ်မတော်တို့သည်လည်း တိုင်းရင်းသား ပြည်သူလူထုတရပ်လုံး ပါဝင်ဆင်နွှဲသော အာဏာရှင်ဆန့်ကျင်တိုက်ဖျက်ရေး သပိတ်အပေါ် အကြမ်းဖက်ဖြိုခွင်းခြင်း၊ ဖမ်းဆီးခြင်း၊ နေ့ရော ညပါ နေအိမ်ပြင်ပတွင်သော်လည်းကောင်း၊ နေအိမ်များတွင်သော်လည်းကောင်း ဝင်ရောက် ဖမ်းဆီးခြင်း၊ တိုက်ရိုက်သော် လည်းကောင်း၊ သွယ်ဝိုက်၍ သော်လည်းကောင်း ပြည်သူလူထုအကြား ရုန်းရင်း ဆန်ခတ် ဖြစ်ပေါ်စေသည့် အပြုအမူလုပ်ဆောင်မှုများတို့ကို ရပ်တန့်ရန် နှင့် မပြုလုပ်ရန် တောင်းဆို ပါသည်။

၅။ အပြည်ပြည်ဆိုင်ရာ နိုင်ငံအသီးသီးတို့မှလည်း မိမိတို့၏ သံတမန်ရေးရာ ချဉ်းကပ်မှုနည်းလမ်းပေါင်းစုံကို အသုံးပြုလျက် ဖမ်းဆီးထိန်းသိမ်းခံရသူများအားလုံး လွတ်မြောက်ရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို မျှော်ရည်သော မြန်မာတပ်မတော်နှင့် အာဏာလက်လွှတ်ခဲ့ရသည့် အစိုးရတို့အကြားတွင် ညှိနှိုင်းဆွေးနွေး

အဖြေရှာကြသည့်အခင်းအကျင်းကို အောင်မြင်ရရှိနိုင်ရေးအတွက် အင်အားစိုက်ထုတ် ကူညီမှုများ ပြုလုပ်ရန် တိုက်တွန်း နိုးဆော်ပါသည်။

၆။ ထို့အပြင် အာဏာသိမ်း တပ်မတော်အင်အားစု၏ ထိပ်တိုက်ရင်ဆိုင်မှုနှင့် အကြမ်းဖက်မှုဒဏ်ကိုခံစားရသည့် တိုင်းပြည်တဝှမ်း၊ မြို့ပြ၊ ကျေးလက်ဒေသအားလုံးမကျန်၊ ဒေသအသီးသီးရှိ တိုင်းရင်းသားပြည်သူလူထုများအား လူသားချင်းစာနာထောက်ထားသည့် ထောက်ပံ့ကူညီမှုများ ရောက်ရှိစေရေးအတွက် ဖြစ်နိုင်သမျှ နည်းလမ်းများတို့ကို အသုံးချရန် KNU မှ အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းအားလုံးတို့ကို တိုက်တွန်းပါသည်။

၇။ လက်ရှိနိုင်ငံရေး အကြပ်အတည်းသည် သမိုင်းကြာရှည် တည်ရှိလာခဲ့သည့် ဖြေရှင်းပေးနိုင်ခြင်းမရှိသော တိုင်းရင်းသား တန်းတူညီမျှမှုရရှိရေး တောင်းဆိုမှုပြဿနာ နှင့် ဆယ်စုနှစ်များစွာပင် ဖြစ်ပေါ်နေသည့် အရပ်ဘက်-စစ်ဘက်အကြား ဆက်ဆံရေးအား ပြေလည်အောင် ဆွေးနွေးညှိနှိုင်းနိုင်ခြင်း မရှိသည့် အဆုံးတွင် ပေါက်ကွဲလာသည့် ပြဿနာ ဖြစ်ပါသည်။ ဤပြဿနာများဖြေရှင်းနိုင်ရန် ပါဝင်ပါတ်သက်နေသည့် အစုအဖွဲ့များအားလုံး ပါဝင်သည့် နိုင်ငံရေးညှိနှိုင်းဆွေးနွေးမှုဖြင့် ဒီမိုကရေစီရေး၊ တိုင်းရင်းသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေ တရပ်ကို ရရှိသည်အထိ အဖြေရှာကြရန် တိုက်တွန်းပါသည်။

၈။ တဘက်တွင်လည်း မြန်မာ့တပ်မတော်မှ KNU နယ်မြေအတွင်း တဖက်သတ်ကားလမ်းဖောက်လုပ်မှုနှင့် ဆက်စပ်ပြီး စစ်ဆင်ရေးတစ်ရပ်အနေဖြင့် အထူးအလေးထား လုပ်ဆောင်နေခြင်းကြောင့် တပ်မတော်နှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်တို့အကြား ထိပ်တိုက်ရင်ဆိုင်မှုများ နှင့် တိုက်ပွဲများဆက်လက် ဖြစ်ပွားနေပြီး ပြည်တွင်းနေရပ်စွန့်ခွာ တိမ်းရှောင်ရသူ (IDPs)များ ဖြစ်ပေါ်နေပါသည်။ ထိုသို့ ဒုက္ခရောက် ပြည်သူများအပေါ် KNU အနေဖြင့် လိုအပ်သည့် မည်သည့်ကိစ္စရပ်များမဆို အကာအကွယ်ပေး ကူညီဆောင်ရွက် ပေးသွားမည်ဖြစ်ပြီး နိုင်ငံတကာမှလည်း နယ်စပ်ဖြတ်ကျော်အကူအညီ အပါအဝင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများအား အရှိန်မြင့်ကူညီလုပ်ဆောင်ပေးသွားရန် တိုက်တွန်းပါသည်။

၉။ ထို့ကြောင့် KNU အနေဖြင့် တွေ့ဆုံဆွေးနွေး ညှိနှိုင်းအဖြေရှာခြင်း နည်းလမ်းသည်သာ အပစ်အခတ်ရပ်စဲရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီစနစ် ထူထောင်ရေးကို ဆောင်ကြဉ်း ပေးနိုင်မည်ဖြစ်ကာ တိုင်းရင်းသား ပြည်သူလူထုအားလုံး၏ လွတ်လပ်မှု၊တန်းတူ မှုနှင့်တရားမျှတမှုကို အာမခံသော . ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုသစ် ကို ဖန်တီးဖြစ်ပေါ်စေမည်ဖြစ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး

ဆက်သွယ်ရန်-

(၁) ပဒိုစောကွယ်ထူးဝင်း (+၉၅ ၉၄၂ ၂၁၉ ၁၉၄၁) ၊ (+၆၆ ၈၁၈ ၀၇၆ ၂၇၉)

(၂) ပဒိုစောတာဒိုမူး (+၉၅ ၉၇၉ ၅၈၈ ၇၀၈၅) ၊ (+၆၆ ၆၄၆ ၄၅၉ ၁၁၃)

(၃) ပဒိုစောလှထွန်း (+၉၅ ၉၂၇၂ ၇၃၂ ၈၆၂) ၊ (+၆၆ ၉၄၀ ၃၅၁ ၈၈၀)